February 22, 2008

# NATIONAL COALITION GOVERNMENT OF THE UNION OF BURMA

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## “(၆၁) နှစ်မြောက် မွန်အမျိုးသားနေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ”

၁၃၆၉ ခုနှစ် တပို့တွဲလဆုတ်(၁) ရက်၊ ခရစ် ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလ (၂၂) ရက်နေ့သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၆၁) နှစ်မြောက် “မွန်အမျိုးသားနေ့”ဖြစ်ပေသည်။ မွန်အမျိုးသားတို့၏ ဤသမိုင်းဝင်နေ့အခါသမယ၌ မွန်အမျိုးသားခေါင်းဆောင်များ နှင့်တကွ မွန်တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေကြောင်းနှင့် မကြာမီကာလတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသော မွန်ပြည်နယ်သစ်ပေါ်ထွန်းလာပါစေကြောင်း ဦးစွာ အလေးအနက်ဆန္ဒ ပြုအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အသီးသီး တွေ့ကြုံရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာမှာ စစ်အာဏာရှင်များ၏ “တိုင်းရင်းသားလူမျိုးများအား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရန်အစဉ်တစိုက်ငြင်းဆန်နေမှု” “နှုတ်မှ အမျိုးသား ညီညွတ်ရေးဟု ပြောနေသော်လည်း လက်တွေ့တွင် စစ်အင်အားသုံးဗိုလ်ကျအနိုင်ကျင့်မှု” စသည်တို့ကြောင့်ဖြစ်သည်။ ထို့ပြင် စစ်အုပ်စု သည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရမည့်အစား၊ စစ်အင်အားသုံး ဖိနှိပ်နေ၍ လည်း ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားတော်လှန်ရေးများ စဉ်ဆက်မပြတ် ပေါ်ပေါက်ခဲ့ရပေသည်။ မွန်အမျိုးသားတို့သည်လည်း နှစ်ပေါင်းများစွာ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဆင်နွှဲလျှက်ရှိရာ ယနေ့အချိန်အထိ ဖြစ် ပေသည်။

မွန်တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားသော “တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေး”တို့အတွက် မွန်အာဇာနည်များစွာ အသက် ဘဝ နှင့် ကိုယ်လက်အင်္ဂါ မြောက်များစွာ စွန့်လွှတ်ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည်။ ထို ရဲရင့်သော မွန်အမျိုးသားသူရဲကောင်း ရဲဘော်များနှင့် မွန်တော်လှန်ရေးသမားအပေါင်း၏ ဂုဏ်ရောင်ပြောင်သော တော်လှန်ရေးစိတ်ဓါတ်ကို အမျိုးသားညွန့်ပေါင်းအစိုးရက အထူးမှတ်တမ်းတင်အပ်ပါသည်။

မွန်တိုင်းရင်းသားများသည် သမိုင်းယဉ်ကျေးမှု အစဉ်အလာကြီးမား၍သွေးစည်းညီညွတ်မှုရှိသော လူမျိုးနွယ်တရပ်ဖြစ်သည်။ ထို့ပြင် မွန်တိုင်းရင်းသားတို့သည် မိမိတို့ဘိုးစဉ်ဘောင်ဆက်တည်ရှိခဲ့သော မျိုးရိုးအစဉ်အဆက်ကို မပျောက်ပျက်အောင် ဆက်လက် ထိန်းသိမ်းလိုကြသည်။ မိမိတို့ဓလေ့ထုံးတမ်း၊ ဘာသာစကား စာပေ၊ အနုပညာယဉ်ကျေးမှု အစရှိသော မျိုးရိုးအမွေအနှစ်တို့ကိုလည်း မြှင့်တင်ထိမ်းသိမ်းလိုကြသည်။ ယဉ်ကျေးမှုမြင့်မား၍ မျိုးချစ်စိတ်ထက်သန်သော လူမျိုးဖြစ်သည့်အလျှောက် အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကိုလည်း တန်ဘိုးထားလိုလားကြသည်။ ယင်းမွန်အမျိုးသားပြည်သူလူထုတရပ်လုံး၏ လိုလားချက်များသည် ထိုက်သင့်သောကိစ္စဖြစ်သဖြင့် ဖြည့်ဆည်းပေးရန် အမှန်ပင်လိုအပ်သည်ဟု အမျိုးသားညွန့်ပေါင်း အစိုးရက ယုံကြည်သည်။

ဤ (၆၁) နှစ်မြောက် မွန်အမျိုးသားနေ့ အခါသမယ၌ ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက “အမျိုးသားပြန်လည်သင့်မြတ်ရေး”အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား ခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရန်၊ တိုင်းရင်းသားပြည်သူလူထုအား ထိုးစစ်ဆင်တိုက်ခိုက်နေမှုများရပ်စဲရန်၊ လက်ရှိ တဖက်သတ် ကျင်းပရန်စီစဉ်နေသော လူထုဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲ အစီအစဉ်များကိုရပ်စဲ၍ သုံးပွင့်ဆိုင်နိုင်ငံရေး ဆွေးနွေးပွဲများပြုလုပ်ရန် တိုက်တွန်းနေပေသည်။ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများနှင့်

ဒီမိုကရေစီအင်အားစုများကလည်း အမျိုးသားပြန်လည် သင့်မြတ်ရေးကို အထူးဝါယမစိုက်ထုတ်ဆောင်ရွက်နေကြချိန်ဖြစ်ပေသည်။ ဤသို့သော အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် မွန် တိုင်းရင်းသားပြည်သူလူထုကြီးက လက်ရှိနိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းသင့်သည်ဟု ယုံကြည်ကြောင်း ဖေါ်ပြချက်မှာလည်း အချိန်အခါ အခြေအနေနှင့် ဆီလျော်သဖြင့် အမျိုးသားညွန့်ပေါင်းအစိုးရက လိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

သို့ဖြစ်၍"စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး" "ဒီမိုကရေစီစနစ်ထွန်းကားရေး" "အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသောဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေး"တည်းဟူသော နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်သည်အထိ မွန် အမျိုးသားအပေါင်းနှင့်အတူ မဆုတ်မနစ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဤ (၆၁) နှစ်မြောက် "မွန်အမျိုးသားနေ့"၌ "ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ"က လေးနက်စွာသန္နိဌာန်ပြုလျက် ဤဂုဏ်ပြု သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆုတ် (၁)ရက်။
ခရစ် ၂၀၀၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၂၂)ရက်။
**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့် ပေါင်းအစိုးရ**